# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 25 , 2023 Volume 69, Number 18


၂၅.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၄.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၁၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၂.၅၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ရန်ကုန်တွင် ဧည့်မထဆန် တစ်ပြည် ကျပ် ၂၅၀၀ နှုန်းဖြင့် ယနေ့စတင်ရောင်းချ

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် (၁၇) ခုရှိ လူနေ ရပ်ကွက်များ၊ ဈေးများ ရှိ ဆန်ဆိုင်ပေါင်း (၄၂) ဆိုင်မှတဆင့် ဧည့်မထ အမျိုးအစား ဆန် တစ်ပြည် ၂၅၀၀ ကျပ် နှုန်းဖြင့် ယနေ့စတင် ရောင်းချပေးနေပြီဖြစ်ကြောင်း ဆန်စပါးကုန်သည်များ အသင်း၊ ဝါးတန်းဆန်စပါးကုန်စည်ဒိုင်မှ ဥက္ကဋ္ဌ ဦးနေလင်းက ပေါ်ပြူလာနယူးစ်သို့ ပြောသည်။ "ကျွန်တော်တို့ ဘယ်လောက် ပမာဏအထိ ရောင်းပေးမယ်ဆိုတာတော့ ပြောလို့မရသေးဘူး။ အခုမှစရောင်းမှာဆိုတော့။ လိုအပ်သလောက် ဝယ်ယူနိုင်ပါတယ်။ စက်တင်ဘာလကုန်အထိ ရောင်းပေးသွားမယ်"ဟု ၎င်းကဆိုသည်။ လက်လီဈေးကွက်အတွက် မြို့နယ်အလိုက် ရောင်းချပေးမည့်ဆန်ဆိုင်များမှာ လှိုင်သာယာမြို့နယ်တွင် (၇)ဆိုင်၊ ရွှေပြည်သာမြို့နယ်တွင် (၄) ဆိုင်၊ တောင်ဒဂုံမြို့နယ် တွင် (၄) ဆိုင်၊ မြောက်ဥက္ကလာပမြို့နယ်တွင် (၅)ဆိုင်၊ မြောက်ဒဂုံမြို့နယ်တွင် (၂) ဆိုင်၊ ဒဂုံဆိပ်ကမ်းမြို့နယ်တွင် (၁) ဆိုင်၊ အရှေ့ဒဂုံမြို့နယ်တွင် (၂)ဆိုင်၊ သင်္ဃန်းကျွန်း မြို့နယ်တွင် (၃) ဆိုင်၊ ပုဇွန်တောင်မြို့နယ်တွင် (၁) ဆိုင်၊ သာကေတမြို့နယ်တွင် (၁) ဆိုင်၊ ဒေါပုံမြို့နယ်တွင် (၂) ဆိုင်၊ ဒလမြို့နယ်တွင် (၃) ဆိုင်၊ ကြည့်မြင်တိုင်မြို့နယ်တွင် (၁) ဆိုင်၊ အလုံမြို့နယ်တွင် (၁) ဆိုင်၊ ဆိတ်ကြီးခနောင်တိုမြို့နယ်တွင် (၁)ဆိုင်၊ မင်္ဂလာဒုံမြို့နယ်တွင် (၃) ဆိုင်၊ အင်းစိန်မြို့နယ်တွင် (၁) ဆိုင် စသည်ဖြင့် မြို့နယ် ၁၇ ခုရှိ ဆန်ဆိုင်ပေါင်း (၄၂) ဆိုင်မှတစ်ဆင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။


မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်
သတင်းထုတ်ပြန်ကြေညာချက်အမှတ် (၀၅/ ၂၀၂၃)
၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ( ၂၄ ) ရက်

**သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှုအစီအစဉ်များကို နေရာတိုးမြှင့် လုပ်ဆောင်နေမှု အခြေအနေ သတင်းထုတ်ပြန်ချက်**

၁။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အနေဖြင့် စားသုံးသူပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ဆန်ရောင်းချမှုကို ဝါးတန်းကုန်စည်ဒိုင်၊ ဘုရင့်နောင်ကုန်စည်ဒိုင်တို့တွင် (၇-၈-၂၀၂၃) ရက်နေ့မှ စတင်၍ ယနေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြလျှက် ကတ်ပြား(၁)ခုလျှင် တစ်လအတွက် ပေါ်ဆန်းအမျိုးအစား ဆန်အိတ် (၁)အိတ်နှင့် ဧည့်မထ အမျိုးအစား ဆန်အိတ် (၁)အိတ် ရောင်းချပေးလျှက် ရှိပါသည်။

၂။ နေ့စဉ် ဆန်ဝယ်ယူသူများအား ကုန်စည်ဒိုင်များတွင် ရောင်းချပေးလျှက် ရှိသကဲ့သို့ စက်မှုဇုန်များ၊ စက်ရုံများရှိ ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ အတွက်လည်း လိုအပ်ချက်အရ တင်ပြလာမှုအပေါ် ရောင်းချပေးလျှက် ရှိပါသည်။ ထို့အပြင် လူနေရပ်ကွက်များ အတွင်းသို့ ကားဖြင့် လှည့်လည်၍ ဧည့်မထအမျိုးအစား ဆန်တစ်ပြည်လျှင် (၂၅၀၀) ကျပ်နှုန်းဖြင့် ရောင်းချပေးမှုကိုလည်း ဆောင်ရွက်လျှက် ရှိပါသည်။

၃။ ဆက်လက်ပြီး လူနေရပ်ကွက်များ၊ ဈေးများရှိ ဆန်ဆိုင်များတွင် ဧည့်မထအမျိုးအစား ဆန်တစ်ပြည်လျှင် (၂၅၀၀) ကျပ်နှုန်းဖြင့် ရောင်းချပေးမှုကို ပူးတွဲဖော်ပြပါ မြို့နယ် (၁၇)မြို့နယ်ရှိ ဆန်ဆိုင် (၄၂) ဆိုင်တွင် (၂၅-၈-၂၀၂၃) ရက်နေ့မှ စတင်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

ပြည်တွင်း ဆန်ဈေးမြင့်တက်နေမှုကို ထိန်းချုပ်နိုင်ရန်ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် သက်သာသောဈေးနှုန်းဖြင့် ဝါးတန်းကုန်စည်ဒိုင်နှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့တွင် ဩဂုတ် (၇) ရက်မှ စတင်ရောင်းချပေးနေပြီး အောက်တိုဘာလဆန်းပိုင်းအထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် နှင့် ညီနောင်အသင်းများ၊ ဆန်စပါးကုန်စည်ဒိုင်များ၊ ဆန်စပါးကုမ္ပဏီများမှ
အခြေခံစားသုံးသူ/ ပြည်သူများထံသို့
ဧည့်မထဆန်(၁)ပြည်လျှင်(၂၅၀ဝ/-)ကျပ်နှုန်းဖြင့် ဆန်လက်လီရောင်းချပေးမည့် မြို့နယ်အလိုက်
ဆန်ဆိုင်များစာရင်း


ရက်စွဲ၊ ။ ၂၄-၈-၂၀၂၃

| စဉ် | မြို့နယ် | ဦးရေ | ဆိုင်အမည် | နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁ | လှိုင်သာယာ | ၁ | အောင်သုခ | အမှတ်-၂၈၊ ဗိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| | | ၂ | ဆန်းသော်တာ | အမှတ်-၁၅၆၃၊ ကျန်စစ်သားလမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| | | ၃ | ရွှေပဒေသာ | အမှတ်-၆၈၀/က၊ အနော်ရထာလမ်း၊ (၂၀)ဈေးရှေ့၊ လှိုင်သာယာမြို့နယ် |
| | | ၄ | စိန်ဖူးသစ် | အမှတ်-၅၂၅/က၊ ဗိုးရာဇာလမ်း၊ (၇)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| | | ၅ | ရွှေပဒေသာ(၃) | အမှတ်-၃၀၊ ဗိုလ်အောင်ကျော်လမ်းမကြီး၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| | | ၆ | ဝိုင်းဝိုင်းလည် | အမှတ်-၂၈/ခ၊ သခင်မြလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| | | ၇ | ရွှေပုဇွန် | အမှတ်-၃၇၅၊ သခင်မြလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် |
| ၂ | ရွှေပြည်သာ | ၈ | ရွှေသီးနှံ | အမှတ်-၂၆၆၊ ဘုရင့်နောင်လမ်း၊ ထန်း(၆)ပင်၊ ရွှေပြည်သာမြို့နယ် |
| | | ၉ | ကမ္ဘာကျော် | အမှတ်-၄၀၃/က၊ ၅/ခရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာမြို့နယ် |
| | | ၁၀ | ရွှေသန်းကမ္ဘာ | အမှတ်-၈/၂၄၊ (၇)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရွှေပြည်သာမြို့နယ် |
| | | ၁၁ | နဂရတ် | အမှတ်-၂၄၃၊ နဂရတ်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် |
| ၃ | တောင်ဒဂုံ | ၁၂ | လှဆန်းယဉ် | အမှတ်-၁၉၃၅၊ ကျန်စစ်သားလမ်း၊ (၇)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ် |
| | | ၁၃ | အောင်ချမ်းသာ | အမှတ်-၆၃၁၊ မြိတ်လမ်း၊ (၂၀)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ် |
| | | ၁၄ | ရှယ် | အမှတ်-၁၇၄၃၊ မင်းရဲကောင်းမွန်လမ်း၊ (၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ် |
| | | ၁၅ | သီရိစံ | အမှတ်-၅၂၄၊ ကွေ့မလမ်းမကြီး၊ တောင်ဒဂုံမြို့နယ် |
| ၄ | မြောက်ဥက္ကလာ | ၁၆ | သစ္စာမဏ္ဍိုင် (၁) | အမှတ်-၆၆၊ ဓမ္မာသီလမ်းမကြီး၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| | | ၁၇ | မိဘမေတ္တာ | အမှတ်-၃၆၂၊ ဝေဘာဂီလမ်းနှင့်သခင်လမ်းဒေါင့်၊ (၄)ရပ်ကွက်၊ မ/ဥ |
| | | ၁၈ | ရိုး | အမှတ်-၉၈၆၊ ဇီဇဝါလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် |
| | | ၁၉ | သစ္စာမဏ္ဍိုင် (၂) | အမှတ်-၄၂၆၊ (၂၀)ရပ်ကွက်၊ ပုဂံလမ်းမကြီး၊ မင်းထူးကျော်မှတ်တိုင်၊ မ/ဥ |
| | | ၂၀ | ရွှေထူး | အမှတ်-၃၅၇၊ စစ်ကိုင်းလမ်း၊ (၁၅)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာမြို့နယ် |
| ၅ | မြောက်ဒဂုံ | ၂၁ | အောင်သီဟကျော် | အမှတ်-၇၂၂၊ ဘုရင့်နောင်လမ်းမ၊ လမုဈေး၊ မြောက်ဒဂုံမြို့နယ် |
| | | ၂၂ | မိုးစံပယ် | အမှတ်-၇၂၈/ခ၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၀)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ် |
| ၆ | ဒဂုံဆိပ်ကမ်း | ၂၃ | ထူးရှယ် | တိုက်-၁၉၊ အခန်း-၁၀၂၊ ယုဇနလမ်း၊ စစ်တောင်းအိမ်ရာ၊ ဒဂုံဆိပ်ကမ်းမြို့နယ် |
| ၇ | အရှေ့ဒဂုံ | ၂၄ | မြသဇင် | အမှတ်-၇၁၉၊ ငထွေရှုးလမ်း၊ (၇)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ် |
| | | ၂၅ | အောင်သီဟကျော် | အမှတ်-၂၇၁၊ ရှင်ထွေးညိုလမ်း၊ (၁၃)ရပ်ကွက်ဈေးနား၊ အရှေ့ဒဂုံမြို့နယ် |
| ၈ | သယ်န်းကျွန်း | ၂၆ | ကြယ်ဖြူ | အမှတ်-၁၁ ၊ လေးဒေါင့်ကန်လမ်း၊ ဆ/က ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ် |
| | | ၂၇ | အာရုဏ်ဦး | အမှတ်-၁၆၊ လေးဒေါင့်ကန်လမ်း၊ လေးဒေါင့်ကန်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ် |
| | | ၂၈ | မြ | အမှတ်-၅၅ ၊ ကောက်လှိုင်လမ်း၊ (၂၉)ရပ်ကွက်၊ သုဂတ္တ၊ သယ်န်းကျွန်းမြို့နယ် |
| ၉ | ပုဇွန်တောင် | ၂၉ | အင်ကြင်းခိုင် | အမှတ်-(ည-၁၇/၁၈)၊ ပုဇွန်တောင်ဈေး၊ ပုဇွန်တောင်မြို့နယ် |
| ၁၀ | သာကေတ | ၃၀ | ရတနာဦး | (၁)ဈေး၊ ရန်အောင်လမ်းမကြီး သာကေတမြို့နယ် |
| ၁၁ | ဒေါပုံ | ၃၁ | ရွှေမြင့်မိုရ် | အမှတ်-၂၆၁ ၊ အောင်သစ္စာလမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် |
| | | ၃၂ | ရွှေမြင့်မိုရ်-၂ | ပေ(၈၀)လမ်း၊ ယမုံနာရပ်ကွက်၊ ဒေါပုံမြို့နယ် |
| ၁၂ | ဒလ | ၃၃ | ရတနာထွန်း | ကမာကဆစ်ဈေး၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ် |
| | | ၃၄ | ဆယ်လီကျော် | မင်းရဲကျော်စွာ(၂)လမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ် |
| | | ၃၅ | တပြည်လုံးမွှေး | ဒလ-တွံ့တေးကားလမ်းမ၊ မော်စက်ရပ်ကွက်၊ ဒလမြို့နယ် |
| ၁၃ | ကြည့်မြင်တိုင် | ၃၆ | ငွေစံအောင် | အမှတ် (၁၅)၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ် |
| ၁၄ | အလုံမြို့နယ် | ၃၇ | တိုးတက်အောင် | အမှတ် (၇၆)၊ ဆင်မင်းဈေးလမ်း၊ အလုံမြို့နယ် |
| ၁၅ | ဆိပ်ကြီးခနောင်တို | ၃၈ | ထွန်းသီရိ | အမှတ်-၂၀၂၊ ဇဟိုလမ်း၊ (၈)ရပ်ကွက်၊ ခနောင်တိုအရှေ့၊ ဆိပ်ကြီးခနောင်တိုမြို့နယ် |
| ၁၆ | မင်္ဂလာဒုံ | ၃၉ | အောင်ချမ်းသာ | အမှတ်-၇၀၀၊ ရွှေစေတီလမ်း၊ ကုန်းတလပေါင်၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ် |
| | | ၄၀ | ရွှေကြယ် | အမှတ်-၉၆၇၊ အောင်စည်းစုံဘုရားလမ်း၊ မြရတနာရပ်ကွက်၊ သယ်န်းကျွန်းကြီး၊ မင်္ဂလာဒုံမြို့နယ် |
| | | ၄၁ | ကျော် | အမှတ်-၂/က၊ ဝါယာလက်ဈေးလမ်း၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ် |
| ၁၇ | အင်းစိန်မြို့နယ် | ၄၂ | လင်းရောင်ခြည် | အမှတ်-၉၇၊ သီရိလမ်း၊ ဗိန္ဒုကုန်း၊ အင်းစိန်မြို့နယ် |

**Source: popularmyanmar.com**

## ဂျပန်နိုင်ငံ၏ အကြီးဆုံးရေထွက်ကုန်နှင့်နည်းပညာပြပွဲသို့ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ပါဝင်ပြသ




Dai Nippon Fisheries Association က ကြီးမှူးကျင်းပခဲ့သည့် ၂၅ ကြိမ်မြောက် ဂျပန်အပြည်ပြည်ဆိုင်ရာ ရေထွက်ကုန်နှင့်နည်းပညာပြပွဲ (25th Japan International Seafood & Technology Expo) သည် ဂျပန်နိုင်ငံတွင် အကြီးဆုံးရေထွက်ကုန်ပြပွဲဖြစ်ပြီး အဆိုပါပြပွဲကို မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် ပါဝင်ပြသခဲ့ပါသည်။ အဆိုပါ ၂၅ ကြိမ်မြောက်

ဂျပန်အပြည်ပြည်ဆိုင်ရာ ရေထွက်ကုန်နှင့်နည်းပညာပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုပြခန်းအား မြန်မာသံရုံး၊ တိုကျိုမြို့၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် အာဆီယံ-ဂျပန်စင်တာတို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်ပြသခဲ့ပါသည်။

အဆိုပါ ပြပွဲဖွင့်ပွဲအခမ်းအနားကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့ နံနက်ပိုင်းတွင် Tokyo International Exhibition Center ၌ ကျင်းပခဲ့ရာ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးစိုးဟန်မှ အခမ်းအနားအား ပါဝင်တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ဌာနဝန်ကြီး Mr. NISHIMURA Yasutoshi ၊ စိုက်ပျိုးရေးသစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. NONAKA Atsushi ၊ ဂျပန်နိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ Mr. Masaaki Edamoto၊ ဖိတ်ကြား ထားသည့် သံရုံးများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာမှ ရေထွက်ကုန် ဆိုင်ရာ အသင်းအဖွဲ့ များနှင့် ပြပွဲတွင် ပါဝင်ပြသကြသည့် ပြည်တွင်း၊ ပြည်ပမှရေထွက်ကုန် လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ ပြပွဲတွင် မြန်မာနိုင်ငံမှ ရေထွက်ကုန်များအား ဂျပန်နိုင်ငံနှင့် နိုင်ငံတကာသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ့ရေထွက်ကုန်များ ဈေးကွက်ပိုမိုထိုးဖောက်နိုင်ရေး၊ ဈေးကွက်ချိတ်ဆက်မှုများ ရရှိစေရေး၊ လုပ်ငန်းရှင်များအား နိုင်ငံတကာပြပွဲအတွေ့အကြုံများရရှိစေရေးနှင့် အခြားလုပ်ငန်းရှင်များ၏ နည်းပညာနှင့်ကုန်ထုတ်လုပ်မှုဆိုင်ရာ အခြေအနေများအား လေ့လာအတုယူ၍ မြန်မာ့ရေထွက်ကုန်ကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပါဝင်ပြသခဲ့ခြင်းဖြစ်ပါသည်။ ပြပွဲတွင် မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်းနှင့် ရေထွက်ကုန်လုပ်ငန်းရှင်များက မြန်မာနိုင်ငံမှ ပုစွန်၊ ရေဘဝဲ၊ ပြည်ကြီးငါး၊ ခရု၊ ဂဏန်း၊ ငုံးစသည့် ရေထွက်ကုန်များအား ပါဝင်ပြသခဲ့ကြပါသည်။

ပြပွဲကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ၃ ရက်ကြာကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ကုမ္ပဏီ စုစုပေါင်း ၆၀၀ ကျော်က ပြခန်းပေါင်း ၁၂၇၀ ခန်း ဖွင့်လှစ်ပြသခဲ့ကာ ဧည့်သည် ၂၅၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ကြောင်း သိရှိရပါသည်။

**Source: (သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ မြန်မာသံရုံး၊ တိုကျိုမြို့)**

## ပြောင်းလဲလာသောရာသီဥတုအရ တောင်ကိုရီးယားနိုင်ငံတွင် ပန်းသီးပင်များအစား သရက်သီးပင်များ ပြောင်းလဲစိုက်ပျိုး

တောင်ကိုရီးယားနိုင်ငံ၏ ရာသီဥတုပူနွေးလာခြင်းကြောင့် ပြည်တွင်းစိုက်ပျိုးထုတ်လုပ်ပြီး လူကြိုက်များသည့် ပန်းသီး၊ စပျစ်သီးနှင့်ပန်းသစ်တော်သီးများ စိုက်ပျိုးနိုင်သော ဧရိယာများလျော့နည်းလာပြီး ယင်းအပင်များအစား သရက်ပင်နှင့် ပင်မှည့်သီးပင်များကို ပြောင်းလဲစိုက်ပျိုးရန် မျက်စိကျလျက်ရှိပါကြောင်း ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ဆေးဖက်ဝင်အပင်များ သိပ္ပံဆိုင်ရာ အမျိုးသားအဖွဲ့အစည်း (National Institute of Horticultural and Herbal Science) အောက်ရှိ ရာသီဥတုပြောင်းလဲမှုနှင့် စိုက်ပျိုးရေးသုတေသနဌာနမှ အကြီးတန်းသုတေသီ Han Hyun-hee က ပြောကြားပါသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်မှုအရှိဆုံးသောသစ်သီးမှာ ပန်းသီးဖြစ်ကြောင်း၊ ၂၀၇၀ ပြည့်နှစ်တွင် နိုင်ငံ၏ မြောက်ပိုင်းအကျဆုံး ဂန်ဝမ်ပြည်နယ်မှလွဲ၍ ပန်းသီးစိုက်ပျိုးသည့် ဧရိယာအများစု လျော့ကျသွားဖွယ်ရှိကြောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်အကြားတွင် ပျမ်းမျှအပူချိန်သည် ၀.၆ ဒီကရီ မြင့်မားလာခဲ့ကြောင်း၊ လက်ရှိတွင် နိုင်ငံ၏အပူပိုင်းဧရိယာသည် စုစုပေါင်းမြေဧရိယာ၏ ၆ ရာခိုင်နှုန်းတွင်ရှိနေရာမှ ၂၀၅၀ ပြည့်နှစ်တွင် ၅၅.၉ ရာခိုင်နှုန်းအထိ မြင့်မားလာနိုင်ကြောင်း National Institute of Horticultural and Herbal Science မှ ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

နိုင်ငံတွင်းအပူပိုင်းဧရိယာ မြင့်မားလာသည်နှင့်အမျှ ရာသီသီးနှံများဖြစ်သည့် ပန်းသီး၊ စပျစ်သီးနှင့်ပန်းသစ်တော်သီးများ စိုက်ပျိုးနိုင်သော ဧရိယာအများစု လျော့နည်းသွားမည်ဖြစ်ပြီး ၂၀၉၀ ပြည့်နှစ်တွင် မက်မွန်သီးနှင့် ပန်းသစ်တော်သီးများကို ဂန်ဝမ်ပြည်နယ်မှလွဲ၍ စိုက်ပျိုး၍ရမည်မဟုတ်တော့ကြောင်း၊ အရည်အသွေးကောင်းသောစပျစ်သီးများ စိုက်ပျိုးဧရိယာသည်လည်း ၂၀၇၀ ပြည့်နှစ်မှစ၍ လျော့ကျသွားမည်ဖြစ်သည့်အတွက် စိုက်ပျိုးသူများက အပူဒဏ်ခံနိုင်သည့် သစ်သီးများ ပြောင်းလဲစိုက်ပျိုးလာကြပါကြောင်း၊ တောင်ကိုရီးယားနိုင်ငံတောင်ပိုင်းရှိ ဂျယ်ဂျူးကျွန်းတွင် ပင်မှည့်သီးများ၊ နဂါးမောက်သီး

များနှင့် ငှက်ပျောသီးများ ပြောင်းလဲစိုက်ပျိုးနေကြပြီဖြစ်ကြောင်း၊ သဘော်သီးနှင့်အပူပိုင်းချယ်ရီသီးများကိုလည်း Jeolla နှင့် Gyeongsang ပြည်နယ်များတွင် စိုက်ပျိုးနေကြကြောင်း၊ ယင်းသို့စိုက်ပျိုးရာတွင် အပူချိန်ကိုထိန်းညှိပေးသည့် အဆောက်အဦများ (Greenhouses) ကို အသုံးပြုနေရသော်လည်း ယင်းတို့ကို အသုံးပြုရသည့် ကုန်ကျစရိတ်လျော့နည်းလာသည့်အတွက် အဆင်ပြေကြောင်း National Institute of Horticultural and Herbal Science မှ အကြီးတန်းသုတေသီ Han Hyun-hee က ပြောကြားပါသည်။

၂၀၂၁ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံ၌ အပူပိုင်းဒေသသစ်သီးများ စိုက်ပျိုးနေသူအရေအတွက်သည် ၅၅၆ ဦးအထိ ရောက်ရှိလာရာ ၂၀၁၇ ခုနှစ်အတွင်းစိုက်ပျိုးနေသူ အရေအတွက်ထက် ၅၀ ရာခိုင်နှုန်းမြင့်မားလာသည့်အပြင် အပူပိုင်းဒေသသစ်သီးများ စိုက်ပျိုးဧရိယာမှာလည်း ၁၈၆.၈ ဟက်တာအထိ ရောက်ရှိလာရာ ၂၀၁၇ ခုနှစ်အတွင်း စိုက်ပျိုးသည့်ဧရိယာထက် ၇၀ ရာခိုင်နှုန်း မြင့်မားလာကြောင်း၊ ၂၀၂၁ ခုနှစ်အထိ စာရင်းအရ အဓိကစိုက်ပျိုးနေသောအသီးများမှာ သရက်သီး၊ ပင်မှည့်သီးနှင့်ငှက်ပျောသီးတို့ဖြစ်ကြောင်း၊ အပူချိန်ပိုမိုမြင့်မားလာပါက Greenhouses များ တည်ဆောက်ရန်ပင် လိုအပ်မည်မဟုတ်တော့ကြောင်းကို National Institute of Horticultural and Herbal Science မှ ထုတ်ပြန်သော အစီရင်ခံတွင် ဖော်ပြထားပါသည်။

**Source: https://news.koreaherald.com/view.php?ud=20230817000655**

**(စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_250820231132

## ဂျပန်နိုင်ငံ၏ ဒေသ ၁၀ ခုမှ ပင်လယ်စာသွင်းကုန်များကို ဟောင်ကောင်ဒေသ ကန့်သတ်ပိတ်ပင်သွားမည်

ဖူကူရှိမာ ဓာတ်အားပေးစက်ရုံမှ သန့်စင်ပြီးရေဆိုးများကို စွန့်ပစ်မှုစတင်သည်နှင့် ဟောင်ကောင်ဒေသအနေဖြင့် ဂျပန်နိုင်ငံ၏ ဒေသ ၁၀ ခုမှ တင်ပို့သည့် ပင်လယ်ထွက်ကုန်များကို အကန့်အသတ်မရှိ ပိတ်ဆို့သွားမည်ဖြစ်ကြောင်းနှင့် ဩဂုတ်လ ၂၄ ရက်နေ့မှစ၍ ဂျပန်နိုင်ငံမှ တင်ပို့သည့် အခြားကုန်စည်များအား စစ်ဆေးသည့်ရလဒ်များကို နေ့စဉ်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့ထုတ် South China Mornging Post သတင်းစာတွင် “HK to Ban Import of Seafood from 10 Japanese Areas” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဂျပန်နိုင်ငံ၏ အဆိုပါ ရေဆိုးစွန့်ပစ်ရေး အစီအစဉ်ကို ဟောင်ကောင်ဒေသအစိုးရမှ ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း ယမန်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့ပြီး၊ ဟောင်ကောင်ဒေသ၏ ဂျပန်သွင်းကုန်များအပေါ် ပိတ်ပင်ကန့်သတ်မှုများ လုပ်ဆောင်သွားမည့်ကိစ္စရပ်အတွက် အလွန်စိတ်မကောင်းဖြစ်မိကြောင်း ဟောင်ကောင်ဒေသဆိုင်ရာ ဂျပန်ကောင်စစ်ဝန်ချုပ်က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဂျပန်ဝန်ကြီးချုပ် Fumio Kishida က “ရာသီဥတုကောင်းမွန်ပါက ရေဆိုးစွန့်ပစ်မှုကို ဩဂုတ်လ ၂၄ ရက်နေ့တွင် စတင်မည်ဖြစ်သည်”ဟု ပြောကြားခဲ့ပြီးနောက် ဟောင်ကောင်ဒေသ ပတ်ဝန်းကျင်နှင့် ဂေဟစနစ်ဆိုင်ရာဝန်ကြီး Tse Chin-wan က “ရေဆိုးစွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်နှင့်စပ်လျဉ်း၍ ဂျပန်ဘက်မှ တိကျသည့်ဖြေရှင်းမှုမရှိသောကြောင့် အစားအစာအန္တရာယ်ကင်းရှင်းရေးအတွက် ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန်လိုအပ်သည်”ဟု ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဂျပန်နိုင်ငံအနေဖြင့် အိုလံပစ်ရေကူးကန် ၅၀၀ နှင့်ညီမျှသည့် ရေဆိုးတန်ချိန် ၁.၃ သန်းကို စွန့်ပစ်မည်ဖြစ်သောကြောင့် သမုဒ္ဒရာထွက် အစားအစာလုပ်ငန်းများအနေဖြင့် ရေရှည်တွင် ရင်ဆိုင်ရမည့်အကျိုးဆက်အတွက် ပတ်ဝန်းကျင်နိုင်ငံများမှ စိုးရိမ်ပူပန်နေကြောင်းနှင့် ဂျပန်နိုင်ငံ၏ အဆိုပါလုပ်ဆောင်ချက်သည် ၎င်းတို့၏ပြဿနာကို အခြားသူများထံ တာဝန်မဲ့စွာတွန်းပို့လိုက်ခြင်းဖြစ်သည်ဟု ဟောင်ကောင်ဒေသအုပ်ချုပ်ရေးမှူး John Lee Ka-chiu က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

သန့်စင်ပြီး ရေဆိုးများစွန့်ပစ်ရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် ၆ နှစ်ကျော်လေ့လာခဲ့ပြီး၊ နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ ၂ နှစ်ကြာ စိစစ်သုံးသပ်မှုများ လုပ်ဆောင်ပြီးနောက် လူသားနှင့်ပတ်ဝန်းကျင်အတွက် ထိခိုက်မှုအနည်းဆုံး

ဖြစ်သောကြောင့် သဘောတူခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် တာဝန်မဲ့လုပ်ဆောင်ခြင်း မဟုတ်ပါကြောင်းနှင့် ရေထွက်ကုန်များ အန္တရာယ်ကင်းရှင်းမှုကို သိပ္ပံနည်းကျ အထောက်အထားပြခဲ့ပြီးဖြစ်ပါကြောင်း ဟောင်ကောင်ဒေသဆိုင်ရာ ဂျပန်ကောင်စစ်ဝန်ချုပ်က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသအနေဖြင့် Tokyo၊ Fukushim၊ Chiba၊ Tochigi၊ Ibaraki၊ Gunma Miyagi၊ Niigata၊ Nagano နှင့် Saitama ဒေသတို့မှ တင်သွင်းလာမည့် လတ်ဆတ်သည့်၊ အေးခဲ၊ အအေးပေး၊ အခြောက်နှင့်ပြုပြင်ထားသည့် ပင်လယ်ထွက်ကုန်များ၊ ပင်လယ်ဆားနှင့်ရေညှိတို့ကို ပိတ်ပင်ကန့်သတ်သွားမည်ဖြစ်ပြီး အသေးစိတ်ကို ဩဂုတ်လ ၂၃ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြသွားမည်ဖြစ်သကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်သွားမှု အသေးစိတ်နှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲပြုလုပ်သွားမည်ဖြစ်သည်ဟု Tse က ပြောကြားခဲ့ကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မပြီးလျှင် ဟောင်ကောင်ဒေသသည် ဂျပန်နိုင်ငံ ငါးလုပ်ငန်း၏ ပို့ကုန်တင်ပို့မှုအတွက် ဒုတိယအကြီးဆုံးဈေးကွက်ဖြစ်ပြီး၊ ယမန်နှစ်တွင် ဟောင်ကောင်ဒေသ အစားအစာတင်သွင်းမှု စုစုပေါင်း၏ ၂ ရာခိုင်နှုန်းနှင့် ပင်လယ်ထွက်အစားအစာ ၆.၇၅ ရာခိုင်နှုန်းကို ဂျပန်နိုင်ငံမှ တင်ပို့ရောင်းချခြင်းဖြစ်သည်ဟု သန်းခေါင်စာရင်းနှင့် စာရင်းအင်းဌာန၏ အချက်အလက်များတွင် ဖော်ပြထားကြောင်း ရေးသားဖော်ပြထားပါသည်။

တရုတ်ပြည်မတွင်လည်း အလားတူ ပိတ်ဆို့ကန့်သတ်မှုများ ချမှတ်ထားပြီးဖြစ်သကဲ့သို့ မကာအိုဒေသအနေဖြင့်လည်း ပိတ်ဆို့ကန့်သတ်သွားမည်ဖြစ်ပါသည်။ ဟောင်ကောင်ဒေသ၏ ပိတ်ဆို့ကန့်သတ်သည့် ကာလနှင့်ပတ်သက်၍ ထုတ်ဖော်ပြောဆိုခြင်းမရှိသကဲ့သို့ ပိတ်ဆို့ကန့်သတ်မှု၏ အကျိုးဆက်ကိုခံစားရမည့်လုပ်ငန်းများအတွက် ထောက်ပံ့ကူညီမှုနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာပြောကြားခြင်းမရှိသော်လည်း တာဝန်ရှိသူများအနေဖြင့် သွင်းကုန်တင်သွင်းရန် အခြားရင်းမြစ်များ ရှာဖွေပေးနိုင်မည့်လုပ်ငန်းများနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည်ဟု Tse က ပြောကြားခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

ဟောင်ကောင်ဒေသသည် ဂျပန်နိုင်ငံမှ တင်သွင်းသည့် ပင်လယ်စာ ၆.၇၅ ရာခိုင်နှုန်း တင်သွင်းသည့်ဒေသဖြစ်သောကြောင့် ဂျပန်နိုင်ငံမှ သွင်းကုန်ကို ကန့်သတ်ပိတ်ပင်ခြင်းကြောင့် ဈေးကွက်လိုအပ်ချက် ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ သို့ဖြစ်၍ လက်ရှိဟောင်ကောင်ဒေသ ပင်လယ်ထွက်ကုန် ဈေးကွက်ဖြစ်ပေါ်တိုးတက်မှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

**(စီးပွားရေးသံမှူး၊ ဟောင်ကောင်)**

**Source:** https://myantrade.gov.mm/article/Naypyitawstp_250820230940

## မြန်မာထွက်ကုန် ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဈေးနှုန်းများမြင့်တက်



ယခုရက်ပိုင်းအတွင်း မန္တလေးဈေးကွက်အတွင်း၌ မြန်မာထွက်ကုန်ဆီးသီးမှထွက်ရှိသော ဆီးဆန်များ တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်နေခြင်းကြောင့် ဈေးနှုန်းများ မြင့်တက်နေကြောင်း မန္တလေးမြို့ရှိ ကုန်သည်များထံမှ သိရသည်။

**ဈေးကောင်းရရှိ**

အဆိုပါ မြန်မာထွက်ကုန်ဆီးသီးများမှာ ဆီးချိုသီး၊ ဆီးချဉ်သီးနှင့် ထိုင်ဝမ်ဆီးသီးဟူ၍ သုံးမျိုးရှိကြောင်း၊ ယင်းဆီးဆန်များကို ဆီးချဉ်သီးမှသာ ကြိတ်ခွဲပြီးထုတ်လုပ်ရရှိကြောင်း၊ ထိုဆီးဆန်များသည် ပေါ်ဦးပေါ်ဖျား မတ်လအတွင်းက တစ်ပိဿာလျှင် ငွေကျပ် ၂၄၀၀၀ ဈေးသာရရှိခဲ့ရာမှ ယခု ဩဂုတ်လတတိယပတ်တွင် ဆီးဆန်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀၀ ဈေးထိရောက်ရှိကာ ဈေးနှုန်းမှာ အဆမတန်ဈေးမြင့်တက်နေပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောသည်။

"ယခုနှစ် ဆီးသီးရာသီမှာ ဆီးသီးမှကြိတ်ခွဲထုတ်လုပ်လိုက်တဲ့ ဆီးဆန်တွေဟာ တရုတ်ပြည်ဝယ်လိုအားကြောင့် စံချိန်တင်မြင့်တက်နေတယ်။ ဆီးဆန်က မြန်မာပြည်ဈေးကွက်အတွင်းမှာ အသုံးဝင်မှု အသုံးချမှုရှိတယ်လို့ မတွေ့ရပါဘူး။ အဲဒီ

ဆီးဆန်တွေကို တရုတ်ပြည်ဈေးကွက်မှာ ဆေးဝါးထုတ်လုပ်တယ်လို့ ကြားသိရပါတယ်။ ဒါကြောင့် တစ်ကြိမ်တစ်ခါမှ မကြုံဖူးတဲ့ဈေးနှုန်း အံ့ဖွယ်ဈေးတွေနဲ့ရရှိနေပါတယ်။ ဆီးဆန်တွေဟာ မြန်မာထွက်ကုန်ထဲမှာ ထိပ်တန်းမြောက်နေတဲ့ ပို့ကုန်ပစ္စည်းတစ်ခုအနေနဲ့ ရောက်ရှိလာပါတယ်။ အခုဆို ဈေးကောင်းရတဲ့အပြင် အသေးစားစက်မှုလုပ်ငန်းတွေလည်း လည်ပတ်နေရတယ်။ လုပ်သားတွေလည်း အလုပ်အကိုင်တွေရရှိကြပါတယ်။ ဈေးကောင်းနေတာကြောင့် ဆီးချဉ်သီးပင်ဟာ အလေ့ကျပေါက်တာကနေ အခင်းပြတ်စိုက်ကြဖို့ အကြံပြုပြောချင်ပါတယ်" ဟု ၎င်းကပြောသည်။

**ကြိတ်ခွဲပြုလုပ်နေ**

အဆိုပါ ဆီးချဉ်သီးသည် နွေဦးရာသီတွင် စပေါ်လေ့ရှိပြီး တစ်နှစ်လျှင် တစ်ခါသာပေါ်သည့် သီးနှံဖြစ်ကြောင်း၊ ယင်းဆီးချဉ်ပင်သည် သဲဆန်သောမြေများ၊ ပူအိုက်သော ရာသီဥတုများတွင် အလေ့ကျပေါက်ရောက်ပြီး မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးပေါက်ရောက်ကြောင်း၊ ဆီးခွဲစက်များအနေဖြင့် ရေနံချောင်း၊ ချောက်၊ မလိုင်၊ တောင်သာ၊ မိတ္ထီလာစသည့်မြို့များတွင် ဆီးခွဲစက်ထောင်ကာ ကြိတ်ခွဲပြုလုပ်နေကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရ

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြ၍သိရသည်။ ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ ပြီးခဲ့သည့် ဇွန်လနှင့်ဇူလိုင်လက တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၂၂၅၀၀ ထိသာ တင်ပို့ရောင်းချခဲ့ရပြီး ဩဂုတ်လ ၁ ရက်မှ ယနေ့ (ဩဂုတ်လ ၂၄) ရက်နေ့ထိ တစ်ရက်လျှင် နာနတ်သီးအလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း၊ အဆိုပါ ဒေသထွက်နာနတ်သီးများကိုအလုံး ၁၀၀၀ လျှင် ငွေကျပ် ၃၅၀၀၀ မှ ၄၀၀၀၀ ထိရရှိပြီး ရန်ကုန်မြို့မှအဝယ်လိုက်နေခြင်းကြောင့် တင်ပို့အားကောင်းနေခြင်းဖြစ်ကြောင်း သိရသည်။

"အခုနှစ် နာနတ်သီးဈေးကောင်းတော့ စိုက်တဲ့သူတွေ အဆင်ပြေတာတွေ့ရပါတယ်။ နာနတ်သီးက အခုနှစ် ပြည်တွင်းမှာကို အဝယ်လိုက်နေပါတယ်။ အထွက်နည်းတာကြောင့်လည်း ဈေးကောင်းရရှိနေတဲ့သဘောရှိပါတယ်။ ဒေသထွက် နာနတ်သီးတွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အခုနှစ် ဈေးကောင်းရရှိတဲ့အပြင် သဘာဝ ဘေးကြောင့် အပျက်အစီးနည်းတော့ တောင်သူတွေအများစုအဆင်ပြေတာတွေ့ရပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် နာနတ်သီးများကို ကျေးလက်ဒေသများက အများဆုံးစိုက်ပျိုးကြပြီး တောင်သူတစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကထိ စိုက်ပျိုးကြကြောင်း၊ ယခုနှစ် စိုက်ပျိုးထားသည့် နာနတ်သီးများ အရည်အသွေးကောင်းမွန်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကန်တုံ သွင်းကုန်ပို့ကုန် ကုန်စည်ပြပွဲတွင် ပြသရန်ဖိတ်ခေါ်

တရုတ်နိုင်ငံ Guangdong ပြည်နယ် Canton Fair Complex တွင် အောက်တိုဘာ ၁၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် (၁၃၄)ကြိမ်မြောက် ကန်တုံ သွင်းကုန်ပို့ကုန် ကုန်စည်ပြပွဲတွင် ပါဝင်ပြသရန် မြန်မာလုပ်ငန်းရှင်များအား ဖိတ်ခေါ်ထားကြောင်း ကုန်သည်စက်မှုအသင်းချုပ်(UMFCCI) မှ သိရသည်။

အဆိုပါ (၁၃၄)ကြိမ်မြောက် ကန်တုံ သွင်းကုန်၊ ပို့ကုန် ကုန်စည်ပြပွဲ(China Import and Export Fair)ကို Online/Offline ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြခန်းပေါင်း ၇၄၀၀၀ ခန့်ပါဝင်၍ နိုင်ငံတကာ အရည်အသွေးကောင်းမွန်သည့် ကုန်ပစ္စည်းများကို ပြသသွားမည်ဖြစ်ကာ အထူးသဖြင့်စွမ်းအင်သုံးကား၊ လယ်ယာထွက်ကုန်ပစ္စည်း၊ စက်နှင့်လျှပ်စစ်ပစ္စည်း၊ အိမ်အသုံးအဆောင်ပစ္စည်း၊ နည်းပညာဆိုင်ရာ ဆက်စပ်ပစ္စည်းတို့ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းအပြင် ဆွေးနွေးပွဲများ၊ ဖိုရမ်များ၊ ကုန်ပစ္စည်းမိတ်ဆက်ပွဲအစီအစဉ်များကို ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့ထုတ်ကုန်များ ပါဝင်ပြသခြင်းဖြင့် တရုတ်-မြန်မာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူ ဖြစ်မည်ဖြစ်သည့်အပြင် နှစ်နိုင်ငံကုန်သွယ်ရေး ပိုမိုတိုးတက်ရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ Online Canton Fair Platform လည်း ဖွင့်လှစ်ထားရှိ၍ နိုင်ငံတကာဝယ်လက်များအနေဖြင့် နေ့စဉ်ဝင်ရောက်ကာ အရောင်းအဝယ်များပြုလုပ်နိုင်မည်ဖြစ်ပြီး ၎င်းပြပွဲနှင့်ပက်သက်သည့် အချက်အလက်များကို www .[cantonfair.org.cn](cantonfair.org.cn) တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

Source: [https://t.me/sdtimedaily](https://t.me/sdtimedaily)

## ရန်ကုန်တွင် ဆန်ချောဈေး ဆက်လက်မြင့်တက်နေ

ဆန်ဈေးနှုန်းတည်ငြိမ်စေဖို့ အရန်ဆန်တွေ ထုတ်ရောင်းပေးနေပေမယ့် ရန်ကုန် ဆန်ဈေးကွက်ထဲမှာ ဆန်ချောဈေးနှုန်းတွေ ဆက်လက်မြင့်တက်နေတယ်လို့ ရန်ကုန်မြို့က ဆန်လက်ကားရောင်းချနေသူတွေဆီက သိရပါတယ်။ အခုရက်ပိုင်းအတွင်းမှာတော့ ဆန်ချောဈေးနှုန်းတွေဟာ ရွှေဘိုပေါ်ဆန်းထိပ်စဆိုရင် ကျပ်နှစ်သောင်းကျော်လောက် တက်လာပြီး တခြားပေါ်ဆန်းအမျိုးအစားတွေလည်း ကျပ်ငါးထောင်လောက် ထပ်တက်လာတယ်လို့ ဆိုပါတယ်။

လတ်တလော ဆန်ချောဈေးမြင့်တက်နေတဲ့အတွက် စားသုံးသူပြည်သူတွေကတော့ ဆန်ချောထက် ဆန်ကြမ်းဝယ်ယူမှုပိုများတယ်လို့ ရန်ကုန်မြို့က ရွှေမိုးဆန်ရောင်းဝယ်ရေးက တာဝန်ရှိသူတစ်ယောက်ကပြောပါတယ်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက်ထဲမှာတော့ ရွှေဘိုပေါ်ဆန်းတစ်အိတ်ကို ကျပ်တစ်သိန်း ခြောက်သောင်း ၊ ပေါ်ဆန်း၊ ပေါ်ဆန်းရှယ်၊ ကြားပျံ့ရှယ် အပါအဝင် ပေါ်ဆန်းအမျိုးအစားတွေက တစ်အိတ်ကို ကျပ်တစ်သိန်းကျော်နဲ့ ဆန်ကြမ်း ညော့်မထတစ်အိတ်ကို ကျပ်ခုနစ်သောင်းကျော်အထိ ဈေးတက်လာတယ်လို့ သိရပါတယ်။

ဆန်ဈေးနှုန်းတည်ငြိမ်စေဖို့အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ ဆန်ကုန်သည်အသင်းအဖွဲ့တွေ ပူးပေါင်းပြီး ဩဂုတ် ၇ ရက်က စတင်ကာ လက်လီဈေးထက် သက်သာတဲ့ဈေးနဲ့ ဆန်အိတ်တွေ ထုတ်ရောင်းပေးနေပေးပြီး ဩဂုတ် ၁၆ ရက်အထိ ဆန်အိတ်ရေ တစ်သောင်းလောက် ရောင်းချပေးခဲ့ပြီးဖြစ်တယ်လို့ သိရပါတယ်။

One News Myanmar မှကူးယူဖော်ပြပါသည်။

Source: [https://t.me/htwettoe](https://t.me/htwettoe)

## STOCK EXCHANGE (25.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,867 (Shares) | 65,830,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +100 | +1.06% | 9,300 | 9,500 | 9,300 | 605 | 5,677,200 | 33,109,694 | 314,542 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 18,605 | 58,621,650 | 38,929,150 | 124,573 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,750 | 1,750 | 1,700 | 114 | 197,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 100 | 245,000 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 357 | 821,100 | 19,977,223 | 45,948 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,800 | 4,800 | 4,800 | 36 | 172,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 50 | 95,000 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 25th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 395.37 | +1.20 | +0.30% | 392.64 | 395.37 | 390.82 | 19,867 | 65,830,650 | 8 | 745,736 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 25th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 19,867 (Shares) | 65,830,650 (MMK) |

### Main Board

As of 1:00 pm, 25th Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,867 (Shares) | 65,830,650 (MMK) |

| MYANPIX | 395.37 ▲ 1.20 |
|---|---|
| Total Volume (shares) | 19,867 |
| Total Value (MMK) | 66 mil |
| Listed Company | 8 |
| Market Cap. (MMK) | 745,736 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 1,900 | ▲ 0 |